
## ဆယ်ကျော်သက်ဘဝဆိုတာ. . .

ဆယ်ကျော်သက်အရွယ်ဆိုတာ **ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ တွေးခေါ်မှုဆိုင်ရာ၊ ပေါင်းသင်းဆက်ဆံမှုနဲ့ အပြုမူပိုင်းဆိုင်ရာ**တွေမှာပါ ကြီးမားတဲ့ပြောင်းလဲမှုတွေ ကြုံရတဲ့အချိန်ဖြစ်ပါတယ်။ ဒီပြောင်းလဲမှုတွေကို နားလည်ထားခြင်းက သင့်ရဲ့ဆယ်ကျော်သက် သားသမီးကို ပိုမိုကောင်းမွန်တဲ့ ကူညီပံ့ပိုးမှုတွေနဲ့ လမ်းညွှန်မှုတွေကို ပေးနိုင်မှာဖြစ်ပါတယ်။



## ဆယ်ကျော်သက်များရဲ့ အနာဂတ်အတွက် ပံ့ပိုးပေးခြင်း

ဆယ်ကျော်သက်များရဲ့ အနာဂတ်ဘဝ လှပ၊အောင်မြင်ဖို့ မိဘတစ်ဦးအနေနဲ့ ဒီအရာတွေကို ပံ့ပိုးကူညီပေးပါ။



### ပညာရေး

ကြိုးစားရန် တိုက်တွန်းပါ၊
ဝါသနာပါရာကို ပံ့ပိုးပေးပါ၊
ဆရာများနဲ့ တိုင်ပင်ဆွေးနွေးပါ။



### ကိုယ်ကာယကျန်းမာရေး

ပြည့်ဝမျှတသောအာဟာရ၊ အိပ်ချိန်စားချိန်မှန်ခြင်း၊ နေ့စဉ်ကိုယ်လက်လှုပ်ရှားမှု စသော ကျန်းမာရေး အလေ့ကျင့်ကောင်းများကို မြှင့်တင်ပေးပါ။။



### စိတ်ကျန်းမာရေး

စိတ်ဖိစီးမှု၊ စိုးရိမ်ပူပန်မှု သို့မဟုတ် စိတ်ဓာတ်ကျခြင်းတို့ရဲ့ လက္ခဏာများကို သတိထားပါ။ အန္တရာယ်ကင်းသော ဖြေရှင်းနည်းများကို သင်ကြားပေးပါ။



### ပေါင်းသင်းဆက်ဆံရေးများ

သူငယ်ချင်း၊ ချစ်သူရည်းစားနှင့် မိသားစုဆက်ဆံရေးတို့ကို ကောင်းမွန်စွာ တည်ဆောက်နိုင်ရန်နှင့် မှန်ကန်စွာ ထိန်းညှိတတ်စေရန် လမ်းညွှန်ပေးပါ။



### အန္တရာယ်အမူအကျင့်များမှ ကာကွယ်ခြင်း

ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးဝါးများသုံးစွဲခြင်း၊ ယာဉ် မဆင်မခြင်မောင်းနှင်ခြင်းစသော အပြုအမူများ၏ အန္တရာယ်နှင့် နောက်ဆက်တွဲဆိုးကျိုးများအကြောင်းကို ရှင်းပြပါ။ လိုအပ်လျှင် အကူအညီရယူပါ။



### ဒီဂျစ်တယ် ဘေးကင်းလုံခြုံရေး

ဖုန်း/အင်တာနက်ကို အချိန်သတ်မှတ်သုံးတတ်စေရန် လေ့ကျင့်ပေးပါ။ အင်တာနက်ကို ဘေးကင်းစွာအသုံးပြုတတ်စေရန်နှင့် အွန်လိုင်းအနိုင်ကျင့်မှုများမှ ကာကွယ်တတ်စေရန် သင်ကြားပေးပါ။

## ဆယ်ကျော်သက်တစ်ဦးအတွက် မိဘများရဲ့ အခန်းကဏ္ဍ

မိဘတွေဟာ ဆယ်ကျော်သက်သားသမီးများရဲ့ ဘဝအတွက် အရေးပါတဲ့ အခန်းကဏ္ဍမှာ အမြဲရှိကြပါတယ်။ သားသမီးတွေရဲ့ အရေးပါတဲ့ ပြောင်းလဲမှုတိုင်းကို လွမ်းမိုးထားပြီး ဘဝရဲ့ လမ်းကြောင်းမှန်တွေကို ညွှန်ပြပေးနိုင်ကြပါတယ်။

- သားသမီးများအတွက် စံနမူနာကောင်းဖြစ်ပါစေ။
- ကိစ္စတိုင်းကို ပွင့်ပွင့်လင်းလင်းပြောဆိုရဲအောင် သားသမီးနှင့် လက်ပွန်းတတည်းနေပါ။
- ခက်ခဲတဲ့အချိန်တိုင်းမှာ အတူရှိနေပေးပြီး စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုပေးပါ။
- ဘယ်အရာကို ခွင့်ပြုမယ်/ခွင့်မပြုဘူး စသဖြင့် ကန့်သတ်ချက်များကို ရှင်းရှင်းလင်းလင်းသတ်မှတ်ပါ။
- အရွယ်နဲ့ကိုက်ညီသော ထိုက်သင့်တဲ့ လွတ်လပ်မှုကိုပေးပါ။
- သားသမီး၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို မထိပါးစေဘဲ မျက်ခြေမပြတ်စောင့်ကြည့်ပါ။



## မိမိကိုယ်ကိုယ် အကောင်းဆုံးပြင်ဆင်ပါ

ဆယ်ကျော်သက်တစ်ဦးကို ပြုစုပျိုးထောင်ခြင်းဟာ စိန်ခေါ်မှုတွေရှိနိုင်ပေမဲ့ ပြုစုပျိုးထောင်မှုမှန်ကန်ခဲ့လျှင် ကလေးအတွက်ကော မိသားစုအတွက်ပါ အကျိုးကျေးဇူးတွေလည်း အများကြီးရရှိနိုင်ပါတယ်။ မှန်ကန်တဲ့ ပြုစုပျိုးထောင်မှုတွေပေးနိုင်ဖို့ မိဘတွေကိုယ်၌လည်း လိုက်နာရမယ့်အချက်တွေရှိပါတယ်။

- မိမိကလေးအကြောင်းကို မိမိသာအသိဆုံးမို့ ယုံကြည်မှုအပြည့်နဲ့ ပြုစုပျိုးထောင်ပါ။
- မိမိကိုယ်တိုင်လည်းကျန်းမာနေဖို့နဲ့ လိုအပ်တဲ့ပညာဗဟုသုတတွေရှိဖို့ အချိန်ပေးပြင်ဆင်ပါ။
- လိုအပ်ပါက ကျွမ်းကျင်သူတွေကို ဆက်သွယ်ပြီး အကြံဉာဏ်ရယူပါ။
- ကလေးရဲ့ တိုးတက်မှု၊ အောင်မြင်မှုတိုင်းကို ဘယ်လောက်ပဲသေးငယ်ပါစေ အသိအမှတ်ပြုပေးပါ။
- မိသားစုအတူရှိချိန်တိုင်းကို တန်ဖိုးထားပြီး ပျော်ရွှင်စွာဖြတ်သန်းပါ။



## ဆွေးနွေးပါ၊ တိုင်ပင်ပါ၊ အကူအညီရယူပါ။

ဆယ်ကျော်သက်တွေဆိုတာ ပန်းပင်လေးတွေလိုပါပဲ၊ ပြုစုပျိုးထောင်တဲ့သူအပေါ် မူတည်ပြီးပြောင်းလဲတတ်ကြပါတယ်။ ဆယ်ကျော်သက်အရွယ်တစ်ဦးရဲ့ မိဘဖြစ်ရတာ စိန်ခေါ်မှုတစ်ရပ်ဖြစ်တာမို့ လိုအပ်လျှင် ကျွမ်းကျင်သူတွေ၊ ကူညီဖေးမနိုင်သူတွေဆီကနေ အကူညီရယူနိုင်ပါတယ်။

## အကူအညီနဲ့ အချက်အလက်တွေရှာဖွေနိုင်တဲ့ နေရာတွေကတော့



### ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ
(ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးပညာပေးသူများနှင့် စိတ်ကျန်းမာရေးပညာရှင်များ)



### ဆရာ/ဆရာမများ
(ကျောင်း၊ သင်တန်း၊ အားကစားရုံများမှ ဆရာများ၊ နည်းပြများ)



### ရပ်ရွာလူထုဝန်ဆောင်မှုများ
(လူငယ်စင်တာများ၊ လူငယ်ကွန်ယက်များ၊ လူငယ်ပညာပေးအစီအစဉ်များ၊ မိသားစုပံ့ပိုးမှုအစီအစဉ်များနှင့် ဆယ်ကျော်သက် ကျန်းမာရေးဝန်ဆောင်မှုများ)



### အွန်လိုင်းအရင်းအမြစ်များ
(ဆယ်ကျော်သက်နှင့် မိဘအုပ်ထိန်းသူများအတွက် ရည်ရွယ်ထားသော ယုံကြည်စိတ်ချရသည့် ဝက်ဘ်ဆိုက်များ၊ social media platform များ)



### ဆယ်ကျော်သက်မိဘ အစုအဖွဲ့များ
(အလားတူစိန်ခေါ်မှုများ ကြုံတွေ့နေရသော အခြားမိဘများနှင့် ချိတ်ဆက်ခြင်း၊ အတွေ့အကြုံဖလှယ်ခြင်း)

World Health Organization
Myanmar

# ဆယ်ကျော်သက်အရွယ် ပြုစုပျိုးထောင်ခြင်း

## မိဘအုပ်ထိန်းသူများအတွက် အကြံပြုချက်



ဆယ်ကျော်သက်အရွယ်သားသမီးများကို ပြုစုပျိုးထောင်ခြင်းဟာ ပန်းဥယျာဉ်တစ်ခု စိုက်ပျိုးခြင်းနှင့် ဆင်တူပါတယ်။ မှန်ကန်တဲ့ ပြုစုပျိုးထောင်မှုနဲ့ လမ်းညွှန်မှုတွေဟာ မိမိတို့ရဲ့ ဆယ်ကျော်သက်သားသမီးအတွက် သာမက မိသားစုတစ်ခုလုံးအတွက်ပါ အနာဂတ်ကောင်းတွေကို ဖန်တီးပေးနိုင်ပါတယ်။